LESSON 13

# 雪(ゆき)が見(み)たいです

**Yuki ga mitai desu**

နှင်း ကြည့်ချင်ပါတယ်။



## ဒီနေ့အတွက် ဇာတ်ဝင်ခန်း

| | | |
|---|---|---|
| はる<br>ဟာ့ရု | ： 日本(にほん)には慣(な)れましたか。<br>Nihoˈn ni wa naremaˈshita ka. | ဂျပန်မှာ နေသားကျပြီလား။ |
| タム<br>တမ် | ： はい。<br>Haˈi. | ဟုတ်ကဲ့။ |
| はる<br>ဟာ့ရု | ： 日本(にほん)でどんなことがしたいですか。<br>Nihoˈn de doˈnna kotoˈ ga shitaˈi deˈsu ka. | ဂျပန်မှာ ဘယ်လိုအရာမျိုး လုပ်ချင်ပါသလဲ။ |
| タム<br>တမ် | ： ええと、雪(ゆき)が見(み)たいです。<br>Eeto, yukiˈ ga mitaˈi deˈsu. | ဟိုဟာလေ။ နှင်း ကြည့်ချင်ပါတယ်။ |
| | 北海道(ほっかいどう)に行(い)きたいです。<br>Hokkaˈidoo ni ikitaˈi deˈsu. | ဟော့ကိုင်းဒိုးကို သွားချင်ပါတယ်။ |
| ミーヤー<br>မီးယာ | ： 北海道(ほっかいどう)! いいね。<br>Hokkaˈidoo! Iˈi ne. | ဟော့ကိုင်းဒိုး။ ကောင်းတာပေါ့။ |
| タム<br>တမ် | ： あと・・・友達(ともだち)に会(あ)いたいです。<br>Aˈto...tomodachi ni aitaˈi deˈsu. | ပြီးတော့... သူငယ်ချင်းနဲ့ တွေ့ချင်ပါတယ်။ |
| はる<br>ဟာ့ရု | ： おや?<br>Oya? | အလို။ |
| ミーヤー<br>မီးယာ | ： 大丈夫(だいじょうぶ)? 顔(かお)が赤(あか)いよ。<br>Daijoˈobu? Kao ga akai yo. | အဆင်ပြေရဲ့လား။ မျက်နှာ နီနေတယ်နော်။ |

### ဝေါဟာရ

| | | |
|---|---|---|
| 日本(にほん) ဂျပန်<br>Nihoˈn | どんな ဘယ်လို<br>doˈnna | する လုပ်တယ်<br>suru |
| 雪(ゆき) နှင်း<br>yukiˈ | 見(み)る ကြည့်တယ်<br>miˈru | 会(あ)う တွေ့တယ်<br>aˈu |


©NHK WORLD-JAPAN

အဓိက အသုံးအနှုန်း

# 雪(ゆき)が見(み)たいです。

**Yukiˈ ga mitaˈi deˈsu.**

နှင်း ကြည့်ချင်ပါတယ်။

ကိုယ်လုပ်ချင်တဲ့အရာကို ပြောတဲ့အခါ MASU-ပုံစံ ကြိယာက “**masu**” ကို ဖြုတ်ပြီး “**tai**” ကို ပေါင်းရပါတယ်။ “**mitai**” ဆိုတာ “**mimasu**” (“**miru**” “ကြည့်တယ်”) ရဲ့ TAI-ပုံစံ ဖြစ်ပါတယ်။ အဆုံးမှာ “**desu**” ထည့်လိုက်တော့ ယဉ်ကျေးတဲ့ ပုံစံ ဖြစ်သွားပါတယ်။ ကိုယ်ပြုလုပ်ချင်တဲ့အရာ ကံပုဒ်ကို ဝိဘတ် “**o**” သို့မဟုတ် “**ga**” နဲ့ ဖော်ပြပါတယ်။

## သုံးကြည့်ကြရအောင်

日本で何(なに)がしたいですか。

Nihoˈn de naˈni ga shitaˈi deˈsu ka.

ラーメンが食(た)べたいです。

Raˈamen ga tabetaˈi deˈsu.

ဂျပန်မှာ ဘာလုပ်ချင်ပါသလဲ။

ရာမဲန်ခေါက်ဆွဲ စားချင်ပါတယ်။



## ကြိုးစားကြည့်ရအောင်

**～たいです。**　XXXချင်ပါတယ်။

**～taˈi deˈsu.**

① **金閣寺(きんかくじ)** Kiˈnkakuji ခင်းခ့ါခုဂျိ ဘုရားကျောင်း | **行(い)きます (行(い)く)** ikimaˈsu (iku) သွားတယ်

② **浴衣(ゆかた)** yukata ယူကာတာ | **買(か)います (買(か)う)** kaimaˈsu (kau) ဝယ်တယ်





ဒီကနေ့အတွက် အပိုဆု စကား

## 大丈夫(だいじょうぶ)?

**Daijoˈobu ?**

အဆင်ပြေရဲ့လား။

တစ်ဖက်လူကို စိတ်ပူတဲ့အခါ သုံးတဲ့ စကားလုံးဖြစ်ပါတယ်။ ယဉ်ယဉ်ကျေးကျေး ပြောတဲ့ပုံစံက “**daijoobu desu ka**” ဖြစ်ပါတယ်။



©NHK WORLD-JAPAN



ဟာ့ရူစံရဲ့ ဗဟုသုတ ဟင်းလေးအိုး

# ဂျပန်က အိမ်

ဂျပန်အိမ်တွေရဲ့ အခန်းတွေမှာ ဂျပန်ပုံစံနဲ့ အနောက်တိုင်းပုံစံ ရှိပါတယ်။ ဂျပန်ပုံစံအခန်းတွေမှာ ကြမ်းခင်းအဖြစ် ကျူရိုးနဲ့ ရက်ထားတဲ့ တာတာမီ မြက်ဖျာတွေကို သုံးပါတယ်။ စားပွဲနိမ့်လေး ထားထားပြီး၊ ကြမ်းပြင်မှာ အခင်းကူရှင်လေးတွေနဲ့ ထိုင်ကြပါတယ်။ အိပ်တဲ့အခါ ဖူတွန် မွေ့ရာကို ကြမ်းပြင်ပေါ် ခင်းပြီး အိပ်ကြပါတယ်။

ဂျပန်ပုံစံ အခန်း



အနောက်တိုင်းပုံစံ အခန်းတွေမှာတော့ သစ်သား အခင်း ဒါမှမဟုတ် ကော်ဇောလို ကြမ်းခင်း တစ်မျိုးမျိုးကို ခင်းထားပါတယ်။ စားပွဲနဲ့ ကုလားထိုင်ကို အသုံးပြုပြီး နေထိုင်ကြတာ များပါတယ်။ အခုနောက်ပိုင်း အနောက်တိုင်းပုံစံ အခန်းတွေ များလာပြီး၊ အနောက်တိုင်းပုံစံရော၊ ဂျပန်ပုံစံပါ ရောနှောထားတဲ့ပုံစံနဲ့ နေတဲ့ သူတွေလည်း များပါတယ်။

အနောက်တိုင်းပုံစံ အခန်း







ဖူတွန် မွေ့ရာ

အဖြေ　① 金閣寺(きんかくじ)に行(い)きたいです。　Ki͞nkakuji ni ikita͞i de͞su.

　　　② 浴衣(ゆかた)が買(か)いたいです。　Yukata ga kaita͞i de͞su.

 ©NHK WORLD-JAPAN 